ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်း စီမံကိန်း

# ဆေတနာသတင်းလွှာ

အတွဲ(၆) အမှတ်စဉ် (၁)

Education for Peace and Development Project (EPD)- Saetanar Newsletter Vol.6, No.1

Saetanar / The Nippon Foundation / Natala

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ

## ဆေတနာအဖွဲ့၏ ဥက္ကဋ္ဌစာ

လူကြီးမင်းများကျန်းမာကြပါရဲ့လား။ ဆေတနာသတင်းလွှာအတွဲ(၆)၊ အမှတ်စဉ်(၁)ကို ထုတ်ဝေလိုက်ပြီဖြစ်ပါ သည်။ မိုးဦးကာလကျရောက်ပြီဖြစ်၍ မိမိတို့၏ လယ်ယာလုပ်ငန်းများဖြင့် အလုပ်များနေလိမ့်မယ် လို့ထင်ပါသည်။ အလုပ်များနေတဲ့လုပ်ငန်းခွင်အတွင်းမှာ ဤသတင်းလွှာကို ဖတ်ပြီး စိတ်အပန်း ဖြေစေနိုင်မည် ဆိုပါက ဝမ်းမြောက်မိပါသည်။ လူကြီးမင်းများလည်း သိကြပြီးဖြစ်သည့်အတိုင်း ဂျပန်နိုင်ငံသည် ယခုနှစ် မတ်လတွင် ဖြစ်ပွားခဲ့သော ငလျင်နှင့်ဆူနာမီဘေး အန္တရာယ်များ၏ လှိုင်းမုန်တိုင်းများကြောင့် အလွန်အမင်း အခက်အခဲများနှင့် ရင်ဆိုင်ကြုံ တွေ့နေရတဲ့ အခြေအနေ ဖြစ်ပါသည်။ လူကြီးမင်းတို့၏ နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှလည်း ဂျပန်နိုင်ငံသို့ လှူဒါန်းသောအလှူငွေများ လက်ခံရရှိခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။ ၎င်းအပြင် အများများအား အပြန် အလှန်ကူညီထောက်ပံ့မှု၏ အရေးပါမှုကို ထပ်မံ သိရှိခဲ့ရပါသည်။ ကျွန်မ တို့အနေဖြင့်လည်း လူကြီးမင်းတို့အား အပြန်အလှန်ကူညီ ထောက်ပံ့ပေးရေး၊ မြန်မာနိုင်ငံ အတွက်အကျိုးဖြစ်စေမည့် အလုပ်မျိုး လုပ်ပေးနိုင်လျှင် ကောင်းမည်ဟု အမြဲတမ်းစိတ်ကူးနေမိပါသည်။



နေ့စဉ်နှင့်အမျှ အလွန်အလုပ်များကြပြီး ပင်ပန်းနေကြမယ်လို့ ထင်မြင်မိပေမယ့် ကျန်းကျန်းမာမာနဲ့ နေထိုင် သွားကြပါလို့ ဆန္ဒပြုလျက်...

( Ms Rioko [illegible] ဥက္ကဋ္ဌ၊ ဆေတနာအဖွဲ့ )

## တောင်တန်းထိပ်က နမ့်လှီမူလတန်းလွန်ကျောင်းသို့ တစ်ခေါက်တစ်ခါ





နမ့်လှီအမက(မူလွန်)ကျောင်းဟာ ဆေတနာအဖွဲ့မှ ခုနစ် ဒုကြိမ်တိုင်တိုင်ကွင်းဆင်းသွား ရောက်ခဲ့ပြီးမှ ယခုနှစ် ဆေတနာအဖွဲ့ရဲ့ EPDစီမံကိန်းနှင့် ၂၀၁၀တွင် ဆောက်လုပ်ပေးရန် ရွေးချယ်ခံခဲ့ရသောကျောင်း ဖြစ်ပါသည်။ ညောင်ရွှေမြို့နယ်၊ သလဲဦး ကျေးရွာအုပ်စု နမ့်လှီ ကျေးရွာတွင် တည်ရှိပြီး သနပ်ဖက်စိုက်ပျိုးရေး လုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်းပြုကြပါသည်။ ကျွန်မလည်းပဲ စီမံကိန်းအဖွဲ့သို့မှရောက်တာ တော်တော် လေးကြာပါပြီ။ ၂၀၁၁ခုနှစ် ဇွန်လ ရှေ့ရက်နေ့မှာတော့အလှူရှင် နိပ္ပွန်ဖောင်ဒေးရှင်းမှ စည်သည်တော် Executive Director, Mr. Ono၊ ဆေတနာ အဖွဲ့ဒါရိုက်တာ Mr.Shiraki၊ စီမံကိန်းညွှန်ကြားရေးမှူး Ms.Wada၊ ဆေတနာအဖွဲ့မှ ဝန်ထမ်းများအတူ သွားရောက် ခဲ့ကြပါသည်။ ညောင်ရွှေလမ်းကြီးကနေ နမ့်လှီမူလွန်ကျောင်းကို ရောက်ဖို့ဟာ တစ်စီးစာ လမ်းကျဉ်းလေးကို မိနစ်၃၀ လောက်မောင်းရပါသည်။ မိုးရွာထားလို့ လမ်းက နိနိဆိုတော့ ကားထဲမှာ စီးရတာ ကြမ်းလို့ သလိုခံစားပြီး ရောက်တော့မှာ လားလို့ တကောကောမေးရင်းနဲ့ တောင်တန်း ထိပ်က နမ့်လှီအမက(မူလွန်)ကျောင်းလေးကို ရောက်ရှိခဲ့ပါသည်။ စနေနေ့ ကျောင်းပိတ်ရက်ဖြစ်နေပေမဲ့ ကျောင်းအဝင်ဝကနေပြီး ကျောင်းသားတွေရော ဆရာ၊ ဆရာမတွေရော ဒေသခံများကပါ နွေးနွေးထွေးထွေး ကြိုဆိုကြပါတယ်။ လတ်ဆတ်တဲ့လေထုနဲ့ စိမ်းလန်းတဲ့တောင်တန်း တွေက တိုင်းရင်းသား လူမျိုးများ နေထိုင်တဲ့ဒေသရဲ့ အလှတရားတစ်ခုဆိုတာ သံသယ ဖြစ်စရာမရှိပါဘူး။ ရှမ်းပြည်မြောက်ပိုင်း စီမံကိန်း အရာရှိ ဦးတင်လေးက "ပအိုဝ်းဒေသက ကျွန်တော်နဲ့မစိမ်းပါဘူး" ဆိုသလိုပဲ ကျွန်မလည်းပဲ မပြောဖြစ်ခဲ့ပေမဲ့ ဘာကြောင့်မှန်းမသိ ပအိုဝ်းလူမျိုး တွေနဲ့ ရင်းနှီးသလို အမြဲခံစားရပါတယ်။ နိပ္ပွန်ဖောင်ဒေးရှင်း မှစည်သည်တော် Mr.Ono သည် သွားနှတ်သန့်ဆေး စီမံကိန်းမှ လှူဒါန်းသော သွားတိုက်ဆေးနှင့် သွားတိုက်တံများအား ကျောင်းသားကလေးငယ်များသို့ လက်ဆောင် ပေးအပ်ပြီး ဆေတနာတောင်ကြီးရုံးမှ တာဝန်ရှိသူများက ကျောင်းဆောင်သစ် ဆောက်လုပ်ရေး အလုပ်ရဲ့ ဆွေးနွေးပွဲအား ကျေးရွာကော်မတီနှင့် ဆောင်ရွက်စဉ်၊ ရန်ကုန်ရုံးမှ Ms. Wada က ကျောင်းသား ကလေးငယ်များအား ဂျပန် သီချင်းသင်ပေးပြီး ကျောင်းသား ကလေးငယ်များမှ ပအိုဝ်းမျိုးသားသီချင်း အားပြန်လည် သင်ပေးခြင်းများဖြင့် မှတ်ဝင်ရင်းနှီးစွာ အပြန်အလှန် ယဉ်ကျေးမှုဖလှယ်ခဲ့ကြပါသည်။ ထိုကလေးငယ်များသည် အနာဂတ်၏ ကြယ်ပွင့်လေးတွေဖြစ်ပြီး၊ ယခုဆေတနာအဖွဲ့မှ ဆောက်လုပ်မည့် ကျောင်းဆောင်သစ်ကလေးသည်လဲ သူတို့အတွက် လိုအပ်ချက်တွေမှာ ပေးနိုင်ပါ လိမ့်မည်။ ရန်ကုန် ပြန်ရောက်သည့်တိုင် နမ့်လှီမူလွန်ကျောင်းမှ ဒေသခံများနှင့် ကလေးများ ဆရာဆရာမများ၏ အပြုံးမှာ ရင်ထဲတွင် ကျန်နေဆဲလျက် ရှိပါသည်။

( [illegible]၊ ဆေတနာအဖွဲ့ )

## လက်ဆောင်ပေးခြင်းမဟုတ်ပါ

ဆေတနာအဖွဲ့မှ စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ပေးခြင်းကို ဆောင်ရွက်ရာ၌ အထူးအလေးထားသောအချက်မှာ "အလကားလက်ဆောင်ပေးသောပစ္စည်း မဟုတ်" ဟုသော အချက်ကို ဒေသခံပြည်သူများမှ နားလည်သဘော ပေါက်ရန် လွန်စွာမှအရေးကြီးပါသည်။ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခြင်းကို တန်ဖိုးထားသော ကျေးရွာများရှိသကဲ့သို့ အလှူလက်ခံရရှိသောကျောင်းဆောင်အဖြစ် တန်ဖိုးထားခြင်းမရှိသော ကျေးရွာများလည်း ရှိပါသည်။ ဒေသခံပြည်သူများမှ



တတ်အားသရွေ့သော လုပ်အား ငွေကြေး ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း စသည်တို့အား တစ်စိတ်တစ်ဒေသပါဝင်၍ ဒေတာနားအဖွဲ့နှင့်ပူးပေါင်းပြီး ဆောက်လုပ်သော စာသင်ကျောင်းဆောင်ကို မိမိတို့၏ရင်သွေးငယ်များ ပညာရေး ဖွံ့ဖြိုး တိုးတက်မှုအတွက် အလေးထားအပ်သော အခြေခံအဆောက်အအုံ အဖြစ် သံယောဇဉ်ကြီးမားစွာဖြင့် တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်သွားရန် အလွန်အရေးကြီးပါသည်။ မည်သည့်အရာကိုမဆို သက်တမ်းရှည်ကြာစွာ အသုံးပြုနိုင်ရန် ပြုပြင်ထိန်းသိမ်းခြင်းမရှိပါက ပျက်စီးယိုယွင်းပြီး ရေရှည်တည်မြဲနိုင်မည်မဟုတ်ပါ။

စီမံကိန်းစတင်အကောင်အထည်ဖော်ခဲ့သည့် ၂၀၂၂ခုနှစ် ယခုအချိန်အထိ စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ပေးပြီးသော ကျေးရွာများတွင် တွေ့ကြုံရပုံမှာအမျိုးမျိုးအလုံးစုံရှိပါသည်။ စာသင်ကျောင်းဆောင်ဆောက်လုပ် ရေးလုပ်ငန်း စကလယ်ဆုံးအထိ ဒေသခံပြည်သူများ ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ကူညီကြသည့်အပြင် ဆောက်လုပ်ပြီးသောစာသင်ကျောင်းဆောင်နှင့်တကွ ကျောင်းသုံးပရိဘောဂများ၊ ရေစလာင်းအိမ်သာ စသည်တို့ကို ကောင်းမွန်စွာ ထိန်းသိမ်းပြုပြင်စောင့်ရှောက်၍ ဝင်ငွေတိုးလုပ်ငန်းကိုလည်း စည်းကမ်းရှိစွာဖြင့် အကောင်အထည်ဖော်လျက်ရှိသော ကျောင်းများတွေ့ရှိရပါသည်။ သို့သော် အချို့သောကျေးရွာများတွင်မူ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ရေး လုပ်ငန်းတွင် စိတ်ဝင်စားမှု အားနည်းသည့်အပြင် ပူးပေါင်းပါဝင်မှုအားရကျေနပ်ဖွယ်ရာမတွေ့ရပါ။ ဆောက်လုပ်ပြီးသော ကျောင်းဆောင်တွင်၊ ပြုပြင်ထိန်းသိမ်းမှုများကွဲသော်လည်း၊ အစားထိုးတပ်ဆင်မှုမရှိခြင်း၊ သံမံတလင်းကြမ်းခင်းများ ကွဲအက် ပျက်စီးသော်လည်း ပြုပြင်မှုမရှိခြင်း၊ ကျောင်းသုံးပရိဘောဂများအား စည်းကမ်းရှိစွာ သုံးစွဲမှုမရှိခြင်း၊ ရေစလာင်းအိမ်သာများ သန့်ရှင်းမှုမရှိခြင်း စသည်တို့တွေ့ရှိရပါသည်။ ၎င်းအပြင် ကျောင်းဆောင်သစ်ဆောက်လုပ် ပြီးစီးသည့်နောက် တွင်လည်း ဝင်ငွေတိုးလုပ်ငန်းကိုလည်း စီမံချက်များနှင့်အညီ ဆောင်ရွက်မှု အားနည်းလျက်ရှိသည်ကိုလည်း ဝမ်းနည်းဖွယ် တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဒေတာနားအဖွဲ့မှ ကြီးမားသောရည်ရွယ်ချက်များဖြင့် ဒေတာနား မေတ္တာထား၍ ကျေးရွာ၏ပညာရေး ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မြင့်မားလာစေဘို့ ငွေကုန်ကြေးကျခံပြီးကောင်းမွန်ခိုင်ခံ့သည့် စာသင်ကျောင်းဆောင်သစ်နှင့်တကွ ပူးတွဲပြည့်ဆည်းပေးသော ပစ္စည်းများကို "လက်ဆောင်သဖွယ်" မမှတ်ယူဘဲ တန်ဖိုးထားထိန်းသိမ်း စောင့်ရှောက်ကြရန် တိုက်တွန်းပါသည်။ ရှမ်းပြည်နယ်တွင်ရှိသော မြောက်များစွာသော စာသင်ကျောင်းများအနက် မိမိကျေးရွာစာသင်ကျောင်းတွင်၊ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့်ရရှိခြင်းသည် လွန်စွာမှ ကံကောင်းသည်ဟု သဘော ပေါက်ပြီး ဒေတာနားအဖွဲ့၏ မျှော်မှန်းချက်များနှင့်အညီ လိုက်နာကျင့်သုံးပါရန် တိုက်တွန်းအပ်ပါသည်။

(ဦးတင်လေး၊ ဒေတာနားအဖွဲ့)

## ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ ကောက်ပဲသီးနှံများ စိုက်ပျိုးခြင်းနှင့် သီးနှံအလှည့်ကျ စိုက်ပျိုးခြင်းမှ ရရှိမည့် အကျိုးတရားများ

၁။ သုတေသနစမ်းသပ်တွေ့ရှိချက်များအရ သီးနှံစိုက်ကွင်းထဲ၌ သီးနှံအကြွင်းအကျန်များ၊ သစ်ရွက်၊ မြက်ခြောက်များအား မီးရှို့ခြင်းကြောင့် အဆိုပါစိုက်ကွက်၏ အပေါ်ယံမြေလွှာတွင်ရှိသော နိုက်ထရိုဂျင်နှင့် ဆာလဖာဓါတ်များကိုလည်းကောင်း၊ ဖော့စဖောရပ်ဓါတ် ၂၅% ခန့်ကိုလည်း ကောင်း၊ ပိုတက်စီယမ် ၂၀% ခန့်ကို လည်းကောင်း၊ ကာဗွန်ဓါတ် ၅% မှ ၆၀% ခန့်တို့ကို လည်းကောင်း ဆုံးရှုံးသွားစေပါသည်။ အကယ်၍ ၎င်းသီးနှံအကြွင်းအကျန်များအား ဤကဲ့သို့ မီးမရှို့ဘဲ ဖုံးလွှမ်းသဘာဝ မြေဩဇာ ပြုလုပ် ရာ၌သုံးစွဲပါက အပင်အတွက် အဓိကလိုအပ်သော ဓါတ်များအလဟဿ ဆုံးရှုံးမသွားစေသည့်အပြင် သီးနှံများအထွက်နှုန်း တိုးတက်ကောင်းမွန်လာစေမည်ဖြစ်ပါသည်။



၂။ ပြောင်းကြီးလယ်စပါးမျိုးပင်များ စိုက်ပျိုးခြင်းကြောင့် ပုံမှန်ပြောင်းသက်တမ်း(၂၀-၃၀)ရက်ခန့်ကြီးနေရာ စိုက်ခင်းထဲ၌ပင်မှုရမည့် ရက်လျော့နည်းသွားစေကာ အနံ့ပါပင်မှုလျော့နည်းစေပြီး စပါးအထွက်နှုန်းများ ပုံမှန်လျော့ကျနေခြင်း ရှမ်းပြည်နယ်သည် အအေးပိုင်းဒေသတွင် ပါဝင်သောကြောင့် ပြောင်းကြီးထွား မှုနှုန်း နှေးကွေးလေ့ရှိရာ အဆိုပါအပင်အဆာအား ကျော်လွှားနိုင်ရန် ပြောင်းသက်တစ်ပတ် သာမှတ်၍ မီးသွေးပေါင်းစပ်ညှိ(၂)အနှင့် ပါးအမိုင်နိုအက်စစ်(၁)အနန်းတို့ကို ရေအဆ(၆၀၀)ဆတို့ဖြင့် (၅)ရက်ခြား တစ်ကြိမ် စုစုပေါင်း(၃)ကြိမ် ပက်ဖျန်းပေးပါက ပြောင်းသက်မှန်(၂၀-၂၅)ရက်အရွယ်တွင် ကောင်းစွာ ကြီးထွားနိုင်မည်ဖြစ်ပါသည်။

၃။ မိုးစပါးအပြီးအစိုဓါတ်လုံလောက်သည့် လယ်မြေများ၌ ကုလားပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲပုတ် စသည့် ပဲမျိုးရင်းဝင် တစ်မျိုးမျိုးစိုက်ပျိုးခြင်းစနစ်မှာ မှန်ကန်သည့်သီးနှံပုံစံဖြစ်ပြီး စမ်းသပ်တွေ့ရှိချက်များအရ မြေကြီးထဲသို့ နိုက်ထရိုဂျင်ဓါတ် ၁၀% မှ ၈၀% အထိ တိုးလာနိုင်ခြင်း၊ နောက်နှစ် မိုးစပါးအတွက် ထည့်သွင်းရမည့်နိုက်ထရိုဂျင်ပမာဏလျော့နည်းသွားစေခြင်း (ယူရီးယားဓါတ်မြေဩဇာ သုံးစွဲမှုလေးပုံ တစ်ပုံမှ တစ်ဝက်ခန့်လျော့ကျသွားခြင်း)၊ သို့ဖြစ်ရာ စပါးအတွက်သွင်းအားစုစရိတ် လျော့နည်း သွားစေရုံသာမက ပဲသီးနှံစိုက်ခြင်းကြောင့် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိခြင်း စသော အကျိုးတရားများကိုလည်း ရရှိနိုင်စေမည်ဖြစ်ပါသည်။

၄။ သီးနှံများစိုက်ပျိုးရာတွင် ဓါတ်မြေဩဇာရှည်သက်သက်ဆက်တိုက် သုံးစွဲစိုက်ပျိုးခြင်းကြောင့် မြေမှား ချဉ်/ငန်လာစေခြင်း၊ မြေကြီးထဲရှိ အကျိုးပြု အကုသိုလ်များလျော့နည်းလာခြင်း(သို့မဟုတ်) ပျောက်ဆုံးခြင်းဖြစ်ကာ၊ မြေမာကျောလာပြီး ထွန်ယက် ရာ၌ခက်ခဲလာခြင်း၊ ရေအစိုဓါတ် ထိန်းသိမ်းမှု ညံ့ဖျင်းလာခြင်း၊ တနည်းအားဖြင့်မြေမှသီးနှံအတွက် ရေလိုအပ် ချက်များလာစေပြီး ရေသွင်းရသည့် အကြိမ်ရေများလာခြင်း၊ အကယ်၍ သီးနှံစိုက်ပျိုးရေးအတွက် အခြေခံသွင်းအားစု အဖြစ် တိရိစ္ဆာန်အညစ်အကြေး (နွားချေး၊ ကျွဲချေး၊ ဆိတ်ချေး၊ ဝက်ချေး၊ ကြက်ချေး စသည်) သစ်ရွက်ဆွေး သီးနှံအကြွင်းအကျန်များအား ပြန်လည်ထည့်သွင်းပြီး ဓါတ်မြေဩဇာများကို အချိုး ကျ စနစ်တကျထည့်သွင်းသုံးစွဲပါက အထက်ပါ ဆိုးကျိုးများကို မဖြစ်စေဘဲ သီးနှံအထွက်နှုန်းများ ပြန်လည် ကောင်းမွန်လာစေမည်ဖြစ်ပါသည်။

(ဦးအေးဘွယ်၊ ဒေတာနားအဖွဲ့)

(အတွဲ(၆) အမှတ်စဉ်(၂)တွင် ဆက်လက်ဖော်ပြပါမည်)

# ငလျင်လှုပ်ခြင်း



ငလျင်လှုပ်ခြင်းဆိုတာ ဘာလဲဟင်ဆရာ။

ငလျင်လှုပ်ခြင်းဆိုတာ ကမ္ဘာ့ကျောက်ချပ်ကြီးများ ရုတ်တရက်တခုနဲ့တခု ပွတ်တိုက်မိသော အခါမြေလွှာများတုန်ခါလှုပ်ရှားခြင်းဖြစ်ပါတယ်။ ငလျင်စတင်လှုပ်သော ကမ္ဘာ့မြေမျက်နှာပြင် အောက်ရှိနေရာကို ငလျင်ဗဟို (သို့) ငလျင်မှတ် ဟုခေါ်ပြီး ငလျင်ဗဟို၏ အပေါ်တည့်တည့် မြေပြင်ပေါ်ရှိနေရာကို ငလျင်ထိပ်ဟုခေါ်တယ်။ ငလျင်ပြင်းအားအဆင့်ပမာဏကို ရစ်ချတာ စကေးနှင့်တိုင်းတာပါတယ်။



ငလျင်ဘယ်လိုဖြစ်ပွားတာလဲ။

မြေငလျင်ဖြစ်စဉ်ကိုသိရှိဖို့ကမ္ဘာရဲ့ဖွဲ့စည်းတည်ဆောက်ပုံကိုသိရမယ်။ ကမ္ဘာကြီးကကြက်ဥတစ်လုံးကဲ့သို့အလွှာတွေနဲ့ဖွဲ့စည်းထားတယ်။ အတွင်းအနှစ်ပိုင်း၊ အပြင်အနှစ်ပိုင်း၊ အကာပိုင်း၊ အခွံပိုင်းဆိုပြီး အဓိက အလွှာ(၄)လွှာရှိပြီး အခွံပိုင်းမှာ တက်တိုးနစ်ကျောက်ချပ်လို့ခေါ်တဲ့ အစိတ်အပိုင်းများစွာရှိပါတယ်။









အနီရောင်မြှား = သက်ရောက်သောအား
အနက်ရောင်မြှား = ရွေ့လျားမှု



source: Hazard Profile of Myanmar (2009)







ငလျင်ကလူတွေကိုဘယ်လိုထိခိုက်နစ်နာစေလဲ။

တုန်ခါမှုတွေကြောင့် အဆောက်အဦတွေ ပြိုကျနိုင်တယ်။ ငလျင်အကြီးကြီးမလှုပ်ခင်နှင့် လှုပ်ပြီးနောက် ငလျင်ငယ်လေးတွေ လှုပ်တတ်တယ်။ ဒါ့အပြင် ပင်လယ်ရေအောက်မှာ ငလျင်လှုပ်ခဲ့ရင်တော့ ဆူနာမီ ဖြစ်ပွားနိုင်တယ်။ နောက်ပြီး တောင်တန်းဒေသတွေမှာမြေပြိုခြင်းနှင့် ရုတ်တရက်ရေကြီးခြင်း၊ ကမ်းရိုးတန်းဒေသတွေမှာ သဲရေပျော်ခြင်းနှင့် နေရာဒေသမရွေး ပြတ်ရွေ့ကြောင်းများဖြစ်ပေါ်နိုင်ပါတယ်။



မြန်မာနိုင်ငံမှာ မြေငလျင်အန္တရာယ်ရှိပါသလား။

ရှိတာပေါ့။ မြန်မာနိုင်ငံဟာ အဓိကတက်တိုးနစ်ကျောက်ချပ်ကြီးဖြစ်တဲ့ အိန္ဒိယကျောက် ချပ်၊ ဘားမားကျောက်ချပ်နှင့် ရှေ့လာင်းကျောက်ချပ်တွေရဲ့အနားစွန်းတွေ နားမှာတည်ရှိ ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ ငလျင်လှုပ်နိုင်ချေရှိတဲ့ လှုပ်ရှားနေသော စစ်ကိုင်းပြတ် ရွေ့၊ ကဘော်ပြတ်ရွေ့၊ ကျောက်ကြမ်းပြတ်ရွေ့များနှင့် အခြားပြတ်ရွေ့ ငယ်လေးများစွာရှိပါတယ်။ မြန်မာနိုင်ငံတွင်လည်း မတ်လ၌ တာချီလိတ်မြို့တွင် ရစ်ချက်တာစကေး(၇.၀) အဆင့်ရှိငလျင်လှုပ်ခတ်ခဲ့ပြီး ဒေသခံပြည်သူများ ငလျင်ဒဏ်ခံစားခဲ့ရ ပါသည်။







(ဤဆောင်းပါးကို SEEDS ASIA အသင်းလွှာမှ ထုတ်နှုတ်ဖော်ပြထားပါသည်။)

